LESSON 39　かぜだと思（おも）います
KAZE DA TO OMOIMASU

医者（いしゃ） ဆရာဝန်	どうしましたか。 DÔ SHIMASHITA KA.	ဘာဖြစ်တာလဲ။
アンナ အန်းနာ	せきが出（で）ます。 SEKI GA DEMASU.	ချောင်းဆိုးပါတယ်။
寮母（りょうぼ） အဆောင်မှူး	熱（ねつ）も３７．８度（ど）あります。 NETSU MO SANJÛNANA TEN HACHI DO ARIMASU.	ကိုယ်အပူချိန်လည်း ၃၇.၈ ဒီဂရီဆဲလ်စီးယပ်စ်ရှိတယ်။
医者（いしゃ） ဆရာဝန်	のどを見（み）せてください。 かぜだと思（おも）います。 NODO O MISETE KUDASAI. KAZE DA TO OMOIMASU.	လည်ချောင်းကိုပြပါ။ အအေးမိတာထင်တယ်။

သဒ္ဒါရှင်းလင်းချက်

① ရောဂါလက္ခဏာတွေကိုရှင်းပြပုံ

ATAMA GA ITAI DESU
ခေါင်းကိုက်တယ်

HANAMIZU GA DEMASU
နှာရည်ယိုတယ်

ONAKA GA ITAI DESU
ဗိုက်အောင့်တယ်

② _ TO OMOIMASU　(__လို့ထင်တယ်)

◈ ကိုယ့်ရဲ့အကြံဉာဏ်၊ အမြင်၊ ခန့်မှန်းချက်တွေကို ဖော်ပြတဲ့အခါ ကိုယ့်ထင်မြင်ချက်ကိုပြောလိုက်ပြီး အဲဒီနောက်မှာ TO OMOIMASU (လို့ထင်တယ်) ကိုထည့်ရပါတယ်။ TO OMOIMASU ရဲ့ရှေ့မှာအခြေခံပုံစံကြိယာတွေကိုပဲသုံးရပါတယ်။

ဥပမာ - KANOJO WA KIMASU. ⇒ KANOJO WA KURU TO OMOIMASU.
(သူလာမယ်)　(သူလာမယ်လို့ထင်တယ်)

အိုနိမာတိုပဲ

ချောင်းနည်းနည်းလေးဆိုးတာကိုဖော်ပြတဲ့အိုနိမာတိုပဲပါ။

ချောင်းတအားဆိုးနေတာကိုဖော်ပြတဲ့အိုနိမာတိုပဲပါ။

Created by NHK WORLD © ver. April 2015